# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# (၃၂) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
## (၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို နေ့လယ် ၁၃း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၃း၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၄၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၀.၅၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့အစီအစဉ်ကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး(၃၂)ရက်မြောက်နေ့ အစည်းအဝေးသို့ တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များထဲမှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးအနေဖြင့် တင်ပြခွင့်ပြုပါရန် ဦးစွာပန်ကြားအပ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် ၃၄၀ ဦး တက်ရောက်တဲ့အတွက်ကြောင့် ပျက်ကွက်သူ ၈၂ ဦး ရှိပါတယ်။ ပျက်ကွက်သူ ၈၂ ဦးအနက် ယခင်က ခွင့်ပန်ကြားသူ ၃၈ ဦးဖြစ်ပြီး ယနေ့အတွက် ခွင့်ပန်ကြားသူ ၄၄ ဦး ရှိပါတယ်။ ယနေ့အတွက် ခွင့် ၁ ရက်စီခွင့်ပန်ကြားသူများမှာ-

(၁) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်၊

(၂) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း၊

(၃) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း၊

(၄) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၊

(၅) မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင်၊

(၆) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင်၊

(၇) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင်၊

(၈) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်၊

(၉) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊

(၁၀) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး၊

(၁၁) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ၊

(၁၂) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင်၊

(၁၃) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၊

(၁၄) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်၊

(၁၅) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၊

(၁၆) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ၊

(၁၇) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင်၊

(၁၈) ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင်၊

(၁၉) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင်၊

(၂၀) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဘဌေး၊

(၂၁) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ၊

(၂၂) မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း၊

(၂၃) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ၊

(၂၄) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး၊

(၂၅) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း၊

(၂၆) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ၊

(၂၇) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းနိုင်၊

(၂၈) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၊

(၂၉) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၊

(၃၀) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်သိန်း၊

(၃၁) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊

(၃၂) ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း၊

(၃၃) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင်၊

(၃၄) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည်၊

(၃၅) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို၊

(၃၆) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ၊

(၃၇) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၊

(၃၈) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊

(၃၉) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်၊

(၄၀) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်၊

(၄၁) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း၊

(၄၂) မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ၊

(၄၃) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်နှင့်

(၄၄) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ **]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်မှာ ဖြစ်ပါတယ်။ ဒီလွှတ်တော်အစည်းအဝေးပြီးရင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးလည်းရှိပါတယ်။ ဒါကြောင့် မေးခွန်းမေးသူ၊ ဖြေကြားသူများဟာ အချိန်သတ်မှတ်တဲ့အတွင်းမှာ မဖြစ်မနေပြီးအောင် ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့ စံချိန်စံညွှန်းများသတ်မှတ်ချက်နှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ပတ်သက်သည့် ရေအရည်အသွေး(Water Quality)နှင့် ရေဇီဝဝန်းကျင် (Aquatic Ecology) စံချိန်စံညွှန်းများသတ်မှတ်ချက်များကို သိရှိလိုပါကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီမေးခွန်းမေးရတဲ့အကြောင်းရင်းက ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်အကြီးအကဲများ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ပြန်လည်စဉ်းစားသုံးသပ်နိုင်ရန် အရပ်ဖက်လူ့အဖွဲ့အစည်းမှပန်ကြားသည့် သန့်ရှင်းသောလေ ပြည်သူ့ပန်ကြားလွှာအစီရင်ခံစာကို ကျွန်တော်တို့ကော်မတီကိုလည်း ပေးပို့တဲ့အတွက်ကြောင့် ကျွန်တော်ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ၁၄ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ နှစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ သုံးဦးအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ ၁၉ ဦးနဲ့

ပါတီဝင်များ ၁၄ ဦး၊ အရပ်သား ၁၄၆၃ ဦးတို့မှ လက်မှတ်ရေးထိုးထားတာဖြစ်ပါတယ်။ အဲဒီတော့ သန့်ရှင်းသောလေရရှိရေးဆိုပြီးတော့ စိမ်းလန်းအမိမြေအဖွဲ့က ဦးဆောင်လုပ်ခြင်းဖြစ်ပါတယ်။ ယနေ့ ကောင်းမွန်သောစိတ်စေတနာဖြင့် သန့်ရှင်းသော လေရရှိရေးအတွက် ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များအပါအဝင် ဒီလိုကန့်ကွက်ကြတာရှိသလို ယနေ့ နိုင်ငံတော်မှာ လျှပ်စစ်မီးမလုံ လောက်မှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အနည်းဆုံးနိုင်ငံအဖြစ် ရပ်တည်နေတဲ့နေရာကလည်း ကျောက်မီးသွေးနဲ့ လျှပ်စစ်ထုတ်လုပ်တဲ့ လုပ်ငန်းတွေရှိတဲ့အတွက်ကြောင့် ရှင်းလင်းသွားအောင် မေးမြန်းခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ သန့်ရှင်းသော လေရရှိဖို့ဆိုတာ စီးပွားရေးအရ ကုန်ကျမှု (Economic Cost)၊ နည်းပညာပေးဆိုင်ရာဖြစ်မြောက်နိုင်စွမ်း (Technical Valiantly)၊ နိုင်ငံရေးဆိုင်ရာလက်ခံနိုင်စွမ်း (Political Acceptability) စတဲ့အချက်တွေပေါ်မှာ မူတည်ပြီးဆောင် ရွက်ရတဲ့လုပ်ငန်းဖြစ်ပါတယ်။ အမေရိကန်နိုင်ငံလိုနိုင်ငံကြီးမှာပင် US Clean Air Act (CAA) ဆိုပြီး ရှိပါတယ်။ ဒီနိုင်ငံကြီးမှာပင် သန့်ရှင်းသောလေရရှိဖို့အတွက် Reasonable Valuable Control Technology (RVCT) ဖြစ်မြောက်နိုင်စွမ်း ထိန်းချုပ်မှုနည်းပညာ၊ အကောင်းဆုံးဖြစ်နိုင်ဖွယ် ထိန်းချုပ်မှုနည်းပညာ (Best Available Control Technology-BACT)နဲ့ အနိမ့်ဆုံးဖြစ်မြောက် နိုင်သော လွှတ်ထုတ်မှုနည်းပညာများ (Lowest Achievable Emerging Replace-LAER) ဆိုပြီး အဆင့်တွေခွဲခြားပြီးရာမှ ကျွန်တော်တို့ သန့်ရှင်းသောလေရရှိရေးဥပဒေ (Clean Air Act) ကိုဆောင် ရွက်ပါမယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း နယ်မြေအပိုင်းအခြား Class သုံးခုခွဲရပါတယ်။ Class (1) ဟာဆိုရင် နိုင်ငံတကာဥယျာဉ် International Park Class နဲ့အမျိုးသားသဘာဝထိန်းသိမ်းရေး ဧရိယာ (National Wilder Ness Area) ဧက ၅၀၀၀ ထက်ပိုသော အမျိုးသားအထိမ်းအမှတ်နေရာ၊ ဧက ၆၀၀၀ ထက်ပိုသော အမျိုးသားဥယျာဉ်ဆိုပြီး ဒီနေရာ ၄ ခုကို Class (1) ထဲမှာထည့်ထားပါတယ်။ Class (2) အနေနဲ့ကျေးလက်ဒေသတွေရဲ့လေ သန့်ရှင်းမှုဖြစ်ပြီး Class (3)အနေနဲ့ မြို့ပြဒေသ Urban ဧရိယာဆိုပြီးခွဲခြားပါတယ်။ ဆိုလိုတာက သန့်ရှင်းသောလေရရှိဖို့ဟာ ဥပဒေနဲ့ပြဋ္ဌာန်းမယ်ဆိုရင် တစ်နေရာနဲ့ တစ်နေရာမတူပါဘူး။ ဥပမာ ချင်းပြည်နယ်ကန်ပက်လက်မှာ နတ်မတောင်မှာရှိတဲ့ လေအရည်အသွေးဟာ နေပြည်တော်နဲ့မတူပါဘူး။ နေပြည်တော်ရဲ့ လေအရည်အသွေးဟာ ရန်ကုန် မြို့ရဲ့ လေအရည်အသွေးနဲ့မတူပါဘူး။ ဒီလိုအတန်းအစားမတူတဲ့ နေရာဒေသကို ကြည့်ပြီးတော့ ကျွန်တော်တို့က လေရဲ့အရည်အသွေးတွေကို ဥပဒေနဲ့ပြုစုခြင်း၊ ဒီဥပဒေအရ လိုက်နာနိုင်တဲ့

ကျောက်မီးသွေးအဆင့်ကိုခွင့်ပြုမယ်၊ မလိုက်နာနိုင်လို့ရှိရင် ခွင့်မပြုဘူးဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ ဆောင်ရွက်သွားမှသာလျှင် ကျွန်တော်တို့က သန့်ရှင်းသောလေကိုလည်းရရှိမယ်။ နောက်တစ်ခုက နိုင်ငံတော်ကလိုအပ်တဲ့ လျှပ်စစ်ကိုလည်း ရရှိမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့က ကျွန်တော်တို့ အတည်ပြုခဲ့တဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေဟာဆိုရင် တစ်နှစ်ရှိပါပြီ။ ယနေ့ထိ နည်းဥပဒေများကို ဆက်လက်ဖော်ပြခြင်းမရှိသေးပါဘူး။ ဒီဥပဒေ အခန်း (၆)၊ ပုဒ်မ ၁၀ (ဃ) မှာ လေထုအရည်အသွေးစံချိန်စံညွှန်းများကို ဖော်ပြရမယ်၊ နောက် ၁၀ (စ) မှာ ထုတ်လွှင့်အခိုးအငွေ့ စံချိန်စံညွှန်းများကို ဖော်ပြရမယ်အနေနဲ့ ယနေ့အထိ ဒါတွေကို ဖော်ပြခြင်းမရှိသေးပါဘူး။ အဲ့ဒီတော့ ကျွန်တော် ဥက္ကဋ္ဌကြီးနှင့်အတူတူ ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံများကို ချစ်ကြည်ရေး ခရီးလိုက်ခဲ့စဉ်က ကျောက်မီးသွေးစက်ရုံ သုံးရုံကို သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ အဲ့ဒီတော့ ထိုင်းနိုင်ငံမှာဆိုရင် Emerging Standard လို့ခေါ်တဲ့အချက် သုံးချက်ကို နိုင်ငံတော်က ဥပဒေ ပြဋ္ဌာန်းထားပါတယ်။ ပထမတစ်ချက်က Dust ဆိုတဲ့အမှုန်အမွှား လေထုအတွင်းမှာ ဘယ်လောက်ရှိရမလဲဆိုတာကိုဖြစ်ပါတယ်။ ထိုင်းနိုင်ငံဥပဒေအရ လေထု တစ်ကုဗမီတာမှာ အမှုန် ၁၂၀ မီလီဂရမ်ထက်မပိုရဆိုပြီးတော့ ဥပဒေပြဋ္ဌာန်းထားတဲ့အခါ ထိုင်းနိုင်ငံက BLC စက်ရုံဟာ တစ်ကုဗမီတာမှာ ၄၃ မီလီဂရမ်ပဲရှိပါတယ်။ ဂျပန်နိုင်ငံက ကျွန်တော်တို့နောက်ဆုံးကြည့်တဲ့ စက်ရုံမှာ ငါးမီလီဂရမ်ပဲ ရှိပါတယ်။ အလားတူ Oxide of Sulphur ဆိုတာကို 320 PPN ဆိုတဲ့ Pass of Contain Minute Per Million Parts ဆိုတာ ကျောက်မီးသွေးစက်ရုံတစ်ခုက ထုတ်လုပ်တဲ့ အမှုန်ကို ခေတ်ခွဲကြည့်ရင် အမှုန်ပေါင်းတစ်သန်းမှာ ၃၃၂ သာလျှင် ဆာလဖာအမှုန်များဖြစ်ရမယ်လို့ သတ်မှတ်ထားပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့သွားကြည့်တဲ့ ထိုင်းကစက်ရုံမှာ ၁၂၄ သာရှိပြီး၊ ဂျပန်နိုင်ငံက ၁၀ ရှိပါတယ်။ အလားတူ အောက်ဆိုဒ်နိုင်ထရိုဂျင်ဆိုတဲ့ NO2 ဟာ 3.0 PPN ထက်မများစေရဟု ဥပဒေမှာ ပြဋ္ဌာန်းထားပေမယ့် ထိုင်းနိုင်ငံမှာ ၂၄၄၊ ဂျပန်မှာ ၁၃ ဦးပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါတွေကိုတင်ပြချင်တာက ကောင်းသော လေထုကိုလိုလျှင် Cost လိုပါတယ်။ သူ့ရဲ့ Level အရ ဘယ် Level ရပြီဆိုတာကို။

**ဥက္ကဋ္ဌ**။ ။ ကဲရပြီမေးခွန်းမေးပါ။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် ယခုမေးတဲ့မေးခွန်းက ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေဥပဒေမှာ ကျောက်မီးသွေးသုံး လျှပ်စစ်ခေတ်အားပေးစက်ရုံများမှာလေထုသို့စွန့်ထုတ်မည့် ထုတ်လွှတ်အခိုးအငွေ့ စံချိန်စံညွှန်းများ သတ်မှတ်ခြင်းနှင့် ရေအား

လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ပတ်သက်သည့် ရေအရည်အသွေး (Water Quality) နှင့် ဇီဝဝန်းကျင် (Aquatic Ecology) စံချိန်စံညွှန်းများကို သတ်မှတ်ခြင်းများကို သိရှိလိုပါကြောင်းဆိုတဲ့ မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်ကိုပဲဖြေပါ။

## ဖြေကြားချက်

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး ဖြစ်ပါတယ်။ အားလုံးကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အချိန်ကိုလေးစားသောအားဖြင့် အချို့ Power Point တွေနဲ့ပဲ အကြမ်းဖျင်းတင်ပြသွားမှာဖြစ်ပါတယ်။ အဓိကအချက်ကတော့ ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဆိုတာ ပေါ်ပြီးဖြစ်ပါတယ်။ အဲဒီအပေါ်မှာ လုပ်ထုံးလုပ်နည်း နည်းဥပဒေပေါ်ဖို့ပဲ ကျန်ရှိပါတယ်။ ဒါပေမယ့် သူတို့ ရေးဆွဲနေဆဲကာလမှာ ကျွန်တော်တို့ လျှပ်စစ်စီမံကိန်းတွေဟာ မလုပ်မဖြစ်လုပ်ရတော့မယ့် တာဝန်တစ်ရပ်ကရှိနေတဲ့အတွက်ကြောင့်မို့လို့ ကမ္ဘာ့ဘဏ်ကနေပြီးတော့ သတ်မှတ်ထားတဲ့ World Bank Organization ကနေပြီးတော့မှ ၂၀၀၈ မှာသတ်မှတ်ထားတဲ့ ကျွန်တော်တို့ စံချိန်စံညွှန်းများနဲ့ ဆောင်ရွက်နေတယ်ဆိုတာကို ကျွန်တော် အခု Power Point ကနေပြီးတော့ တစ်ချက်တင်ပြခွင့်ပြုပါ။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ အမှုန်အမွှားရယ်၊ Sulphur Dioxide ရယ်၊ Nitrogen Oxide ရယ်ဆိုတာ အကန့်သုံးမျိုးနဲ့ရှိပါတယ်။ အဲဒီ အကန့်သုံးကန့်ထဲမှာ လေထုညစ်ညမ်းသောအဆင့် မသတ်မှတ်သောနေရာဆိုတာ စောစောကတင်ပြသွားတဲ့ ချင်းပြည်နယ်နှင့် ရန်ကုန်မြို့နဲ့ မတူပါဘူးဆိုတဲ့ဟာမျိုးကို ကျွန်တော်တို့ခွဲခြားပြီး သတ်မှတ်တဲ့ သဘောဖြစ်ပါတယ်။ လေထုညစ်ညမ်းမှုအဆင့် သတ်မှတ်တဲ့နေရာ၊ မသတ်မှတ်တဲ့နေရာဆိုပြီးတော့ နှစ်မျိုးရှိပါတယ်။ နှစ်မျိုးရှိတော့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အထဲမှာ ကိန်းဂဏန်းအရ ကြည့်မယ်ဆိုလို့ရှိရင် World Bank 2008 မှာသတ်မှတ်ထားတဲ့ Milligram Per ဒါက ကျွန်တော်တို့ N ဆိုတာက Natural Gas Meter Cute ဖြစ်ပါတယ်။ Natural Gas ဆိုတာ သဘာဝလေရဲ့ Meter

Cute ကိုပြောခြင်းဖြစ်ပါတယ်။ ၃၀ သတ်မှတ်ပါတယ်။ ဒီနှုန်းထက်ကျော်ရင် ကျွန်တော်တို့ လက်မခံပါဘူး။ အဲ့ဒီတော့ စောစောကတင်ပြသွားတဲ့ ၁၂၀ ဆိုတဲ့ ကိန်းဂဏန်းအောက်မှာ အများကြီးရှိပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့က လေထုညစ်ညမ်းမှုမှာ Sulphur Dioxide ဆိုလို့ရှိရင် စောစောက ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အထဲမှာ တွေ့ပါတယ်။ ဒီမှာ ကျွန်တော်တို့က Pass Per Million လို့ပြောထားတဲ့ဟာ ၇၀ ပဲရှိပါတယ်။ အဲ့ဒီတော့ တင်ပြသွားလည်း အများကြီးနိမ့်ပါတယ်။ နောက် Nitrogen Oxide မှာလည်း ဒီလိုပါပဲ။ တင်ပြသွားတာလည်း ကျွန်တော်တို့ အများကြီးနိမ့်တဲ့ Pass Per Million ၉၇ အောက်မှာ ကျွန်တော်တို့ ဆောင်ရွက်သွားမယ်ဆိုတဲ့ သဘောတူညီချက်နဲ့ ဒီစက်ရုံများကို အကောင်အထည်ဖော်ခွင့်ပြုနေတာဖြစ်ပါတယ်။

အဲ့ဒီမှာ ကျွန်တော်တို့က ကမ္ဘာ့ဘဏ်က သတ်မှတ်တာက ဒီအတိုင်းသတ်မှတ်ထားပါတယ်။ စောစောက ကျွန်တော်တင်ပြခဲ့တဲ့ Slide မှာပါတဲ့ သုံးမျိုးကို ကမ္ဘာ့ဘဏ်သတ်မှတ်ချက်ကို ပြန်ကူးတာဖြစ်ပါတယ်။ ဒီမှာ တရုတ်ကသတ်မှတ်ချက်ရှိပါတယ်။ အင်ဒိုနီးရှားသတ်မှတ်ချက်ရှိပါတယ်။ ထိုင်းသတ်မှတ်ချက်ရှိပါတယ်။ ဥရောပသမဂ္ဂ သတ်မှတ်ချက်ရှိပါတယ်။ ဂျပန် သတ်မှတ်ချက်ရှိပါတယ်။ ဂျပန် သတ်မှတ်ချက်ကတော့ ကမ္ဘာပေါ်မှာအကောင်းဆုံးအဆင့်နဲ့သတ်မှတ်ပါတယ်။ ဒီမှာ ၃၀ ကမ္ဘာ့ဘဏ်ကပြောပေမယ့် သူက ၁၀ ပါ။ ၇၀ ပြောပေမယ့် သူက ၅၀ ပါ။ ၉၇ ကိုပြောပေမယ့် သူက ၅၀ ပါ။ တရုတ်က အထိုက်အလျောက်မဆိုးပါဘူး။ ၄၉ ၊ ၃၅ ဆိုတော့ ကမ္ဘာ့ဘဏ်ရဲ့အောက်ကို သူကရှိပါတယ်။ ကျန်တဲ့ အင်ဒိုနီးရှား၊ ထိုင်းနဲ့ ဥရောပသမဂ္ဂတို့ကတော့ ဒီ့ထက်အများကြီးမြင့်ပြီးတော့ သူ့နိုင်ငံရဲ့ အခြေအနေနဲ့သူသတ်မှတ်ထားကြတယ်ဆိုတဲ့အကြောင်း ကျွန်တော် တင်ပြအပ်ပါတယ်။

အဲ့ဒီမှာ ကျွန်တော် တစ်ခု တစ်ချက်လေးတင်ပြလိုတာကတော့ နိုင်ငံတစ်နိုင်ငံရဲ့ စံသတ်မှတ်တယ်ဆိုတာ သူ့နိုင်ငံရဲ့ ဖြတ်သန်းလာတဲ့အတွေ့အကြုံနဲ့ ဖြတ်သန်းလာတဲ့ငွေကြေးတတ်နိုင်မှုအပေါ်မှာလည်း နည်းပညာမြင့်မားမှုဟာ အများကြီးမူတည်ပါတယ်။ အဓိကအချက်ကတော့ များများကောင်းအောင်လုပ်လို့ရှိရင် များများပိုက်ဆံကုန်ပြီး များများနည်းပညာကောင်းကောင်းလိုပါတယ်ဆိုတဲ့ အကြောင်းကို သူ့နိုင်ငံမှာ ၁၉၈၆ ခုနှစ်က ဒီစက်ရုံရဲ့အမည်နဲ့ဂျပန်က ဒီလိုသတ်မှတ်ထားသော်ငြားလည်းပဲ နောင်မကြာသောကာလမှာ ၂၀၀၉ ခုနှစ်ကျတော့ သူသည် ဒီလောက်အထိချပြီးတော့ သတ်မှတ်သွားတယ်ဆိုတာ နှစ်ပေါင်း ၂၅ ၊ ၃၀ လောက်ကြာတဲ့အခါမှာ သူသည် တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ သူက တိုးပြီးတော့ ကျွန်တော်တို့ လျှော့ချပြီးတော့မှ ပြည်သူတွေ သဘာဝပတ်ဝန်းကျင် အခြေအနေတွေကို သူက ထိန်းသိမ်းပေးဖို့အတွက် သူသည် သူ့အဆင့်ကို မြှင့်လာတာဖြစ်ပါတယ်။

အဲ့ဒီတော့ ဒါလေးကို ကျွန်တော် ဒီနေရာမှာ နှိုင်းယှဉ်ပြီးတော့ တင်ပြခြင်းဖြစ်ပါတယ်။ နည်းပညာရယ်၊ ငွေကြေးရယ် အကုန်အကျခံနိုင်လာပြီဆိုလို့ရှိရင် တဖြည်းဖြည်းနဲ့ သဘာဝပတ်ဝန်းကျင်ကို ပိုပြီးတော့ မြင့်မားတဲ့ ဒီဂရီသတ်မှတ်ချက်တွေနဲ့ ကျွန်တော်တို့ ထိန်းကျောင်းနိုင်တယ်ဆိုတာလည်း ဒီနေရာမှာ တစ်ချက်တင်ပြခြင်းဖြစ်ပါတယ်။

ဂျပန်နိုင်ငံမှာ ၁၉၈၆ အခြေအနေနဲ့ ၂၀၀၉ ကိုပဲ ကျွန်တော်တို့ မတူအောင် တဖြည်းဖြည်းချင်း မြှင့်တင်လာတယ်ဆိုတာကို တင်ပြရင်းနဲ့ ဒီနေရာမှာ ကျွန်တော် သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပေါ်ပြီးတော့ နည်းဥပဒေမပေါ်သေးတဲ့အတွက်ကြောင့်မို့လို့ တာဝန်ရှိတဲ့ဝန်ကြီးဌာနကလုပ်နေတဲ့ဟာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမှတစ်ဆင့် တစ်ပြည်လုံးကို သိရှိနိုင်ဖို့အတွက် တစ်ပါတည်း ကျွန်တော် တင်ပြခြင်းဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

ဥက္ကဋ္ဌ။ ။ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ ပျော်ဘွယ်မြို့တွင် ယခုအခါ မြို့ပေါ်ကိုးရပ်ကွက်ရှိပြီး ရှေးယခင်ကတည်းက နေထိုင်ခဲ့ကြသော ပြည်သူများမှာ မြေဂရန်လျှောက်ထားရာတွင် အကြောင်းအမျိုးမျိုးသော အမိန့်ညွှန်ကြားချက်၊ စည်းကမ်းများကြောင့် မြေဂရန်ရရှိနိုင်ရန် လွန်စွာခက်ခဲပြီး ယနေ့တိုင်လည်း ယခင်ကတည်းက နေထိုင်ခဲ့ကြသူများမှာ မြေပေးမိန့်မရှိဟူသော အကြောင်းပြချက်ဖြင့် ဂရန်မရရှိဘဲ ဖြစ်နေကြပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် အချို့သော စည်းကမ်းချက်၊ ဆောင်ရွက်ချက်များကို လျှော့ဖြေပေးပြီးတော့ ပိုင်ဆိုင်မှုခိုင်လုံတယ်လို့ယူဆသူများအားလုံးကို လယ်ယာမြေလုပ်ပိုင် ခွင့်လက်မှတ် မြို့နယ်လုံးကျွတ်ထုတ်ပေးသကဲ့သို့ မြေဂရန်များကို မြို့နယ်လုံးကျွတ် One Stop Service ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကိုလည်းကောင်း၊ ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်အပါအဝင် ရန်ကုန်၊ မန္တလေးမြို့ကြီးများနဲ့ မြို့ပြတိုင်းမှာ လူဦးရေထူထပ်လာပြီးတော့ နေထိုင်စရာမရှိတော့ပါ။ လယ်ယာမြေများကို ကျူးကျော်ကာ မြို့ကွက်ပုံစံမကျသော ရပ်ကွက်များအဖြစ် ထူထောင်ပြီးတော့ နေထိုင်နေကြရပါတယ်။

ထိုသို့နေထိုင်ကြရာတွင် ပြည်သူလူထုအနေနဲ့ ပိုင်ဆိုင်မှုမြေဂရန်မရရှိနိုင်တဲ့အတွက်ကြောင့် တရားမဝင်နေရခြင်း၊ လမ်းပန်းဆက်သွယ်ရေးအကွက်မကျခြင်း၊ မီးလောင်မှုဖြစ်ပါက ဝင်ရောက်မီးငြိမ်းသတ်ရန်ခက်ခဲခြင်း၊ ရေစီးရေလာမကောင်းမွန်ခြင်း၊ လိုအပ်သောဈေး/ရုံးအဆောက်အဦများ မရှိခြင်းတို့ကြောင့် လူနေမှုနိမ့်ပါးစွာနေကြရပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအဝှမ်း တိုးမြင့်လာသောလူဦးရေနှင့်အညီ မြို့ပြတိုင်း၌ လူနေရပ်ကွက်များကို စနစ်တကျစီမံချက်ချ၍ တရားဝင်လူနေရာ မြေကွက်သစ်များ ချထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့ဆန္ဒအလေးထား ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးမှ မေးမြန်းမှုမေးမြန်းထားတဲ့ ပျော်ဘွယ်မြို့မှာရှိတဲ့ ပြည်သူများမှ မြေဂရန်လျှောက်ထားရာမှာ အကြောင်းအမျိုးမျိုးကြောင့် လွန်စွာခက်ခဲနေတဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် မြို့နယ်လုံးကျွတ်ထုတ်ပေးသကဲ့သို့ မြေဂရန်များကို မြို့နယ်လုံးကျွတ် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့် ပျော်ဘွယ်မြို့အပါအဝင် မြန်မာနိုင်ငံအနှံ့အပြား မြို့ပြတိုင်းမှာ လူနေရပ်ကွက်များကို စီမံချက်ချပြီးတော့ တရားဝင်လူနေရန် မြေကွက်သစ်များ ချထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းများနှင့် ပတ်သက်ပြီးတော့ ဖြေကြားပေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ ပြည်သူများနေထိုင်လျက်ရှိတဲ့ မြေများဟာ ဘိုးဘွားပိုင်မြေနှင့် အစိုးရပိုင်စီမံခန့်ခွဲခွင့်ရှိတဲ့မြေဆိုပြီးတော့ နှစ်မျိုးရှိတာဖြစ်ပါတယ်။ ဘိုးဘွားပိုင်မြေကတော့ ကျွန်တော်တို့ ဂရန်လျှောက်ထားရန်မလိုဘဲနဲ့ အစိုးရစီမံခန့်ခွဲတဲ့မြေကတော့ ဂရန်လျှောက်ထားရယူရတာ ဖြစ်ပါတယ်။

မြေဂရန်လျှောက်ထားတဲ့နေရာမှာတော့ လိုအပ်တဲ့စာရွက်စာတမ်းများ ပိုင်ဆိုင်မှုခိုင်မာစွာ တင်ပြနိုင်ခြင်းမရှိတဲ့မြေကို ဂရန်ထုတ်ပေးမိတဲ့အခါမှာ နောင်တစ်ချိန်မှာ မလိုလားအပ်တဲ့ ပြဿနာများ ပေါ်ပေါက်လာနိုင်တဲ့အတွက် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြား ချက်များနှင့်အညီ ကျွန်တော်တို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဂရန်လျှောက်ထားရာမှာလည်း လိုအပ်တဲ့အချက်အလက်များဖြစ်တဲ့ ရုံးတံဆိပ်ခေါင်း ကပ်ထား တဲ့ ကာယကံရှင်ရဲ့လျှောက်လွှာ၊ မြေစာရင်းဌာနမှ ရေးဆွဲပေးတဲ့ တရားဝင်မြေပုံ၊ မြေဂရန်စတာတွေကို အထောက်အထားခိုင်မာစွာပြပြီးတော့ လျှောက်ထားတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ဒီလိုကိစ္စရပ်များ ကို ဂရန်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပျော်ဘွယ်မြို့နယ်ကဲ့သို့ ရန်ကုန်၊ မန္တလေး စည်ပင်သာယာ ရေးနယ်နိမိတ် ပြင်ပမှာရှိတဲ့ မြို့နယ်များရဲ့ မြေဂရန်ကိစ္စများကိုတော့ တိုင်းဒေသကြီး/ပြည်နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနတွေရဲ့ စီမံခန့်ခွဲမှုနှင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်းမှာရှိတဲ့ အစိုးရမြေများပေါ်မှာ အကြောင်းအမျိုးမျိုးကြောင့် ကာလရှည်ကြာစွာ နေထိုင်ခဲ့သူများအတွက် မြေအသုံးပြုခွင့်ပိုင်ဆိုင်မှုအတွက် အထောက်အထား ခိုင်မာစွာတင်ပြလာလို့ ရှိရင် ကျွန်တော်တို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့ အထူးဂရန်များ ထုတ်ပေးပြီး တော့ ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအနှံ့အပြား ရန်ကုန်၊ မန္တလေးနှင့် အခြား မြို့ကြီးများမှာ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၀၁ ခုနှစ်မှ၂၀၀၆ ခုနှစ်အထိ ချမှတ်ထားတဲ့ စီမံကိန်းအရ လူဦးရေ တစ်သိန်း အထက်ရှိတဲ့ မြို့ကြီး ၅၆ မြို့ကို ကျွန်တော်တို့ နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ အကောင် အထည်ဖော် ဆောင်ရွက်ပြီးတော့ မြို့ပြကဏ္ဍနှင့် အိမ်ရာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် နည်းပညာ အကူအညီပေးပြီးတော့ Township Plan များရေးဆွဲပြီးတော့ မြေကွက်များဖော်ထုတ် နေရာချထား ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**BOT စနစ်ဖြင့်ယူထားသောကုမ္ပဏီမှ ရန်ကုန်- ပြည်လမ်းအား လမ်းအကျယ် ၂၄ ပေ တိုးချဲ့ပေးရန်နှင့် အဆင့်မြင့် နိုင်လွန်ကတ္တရာခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်၊ သာယာဝတီမဲဆန္ဒနယ်ကမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(သာယာဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်-ပြည်လမ်းအား လမ်းအကျယ်ချဲ့ပေးရန်နှင့် အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်းခင်းပေးခြင်းအတွက် ဆောလျင်စွာဆောင်ရွက်ပေးနိုင်ရေးနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-ပြည်မော်တော်ကားလမ်းဟာ ၁၉၈၈ ခုနှစ်က ဖောက်လုပ်ပြီးစီးခဲ့ပြီးတော့ မြန်မာနိုင်ငံမှာ ပထမဦးဆုံးသော အကောင်းဆုံးအဝေးပြေးနိုင်လွန်ကတ္တရာလမ်း ဖြစ်ခဲ့ပါတယ်။ လမ်းသက်တမ်းကြာမြင့်လာတာနဲ့အမျှ လမ်းများပျက်စီးနေပြီးတော့ လမ်းအကျယ်မှာလည်း ကျဉ်းမြောင်းတဲ့အတွက် လမ်းအကျယ်တိုးချဲ့ဖို့နဲ့ အဆင့်မြင့်ပြုပြင်ပေးနိုင်ဖို့ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့မှာ ကြယ်ပွင့်ပြမေးခွန်းနဲ့မေးမြန်းခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးမှလည်း ဖြေကြားရာမှာ မက်စ်မြန်မာကုမ္ပဏီကနေပြီးတော့ ၂၈-၆-၂၀၁၁ ရက်နေ့မှစပြီး ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်တဲ့ လမ်းပေါက်ဖာခြင်း၊ လမ်းပုခုံးများညှိခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရန်ကုန်-ပြည်လမ်းကို ၂၄ ပေအကျယ်ချဲ့ခြင်းလုပ်ငန်းကို ပွင့်လင်းရာသီမှာစတင်ပြီးတော့ ဆောင်ရွက်ပေးမယ်လို့ ဖြေကြားခဲ့ပါတယ်။ သို့သော်လည်းပဲ ယခု ၂၀၁၃-၂၀၁၄ ကုန်ဆုံးသည့်တိုင်အောင် သုံးနှစ်တာကာလအတွင်းမှာ ရန်ကုန်-ပြည်လမ်းအား BOT လုပ်ငန်းစဉ်ဖြစ်တဲ့ ၂၄ ပေလမ်း တိုးချဲ့ဆောင်ရွက်ခြင်း မရှိသေးခြင်းနဲ့ လမ်းချောမွေ့စေရန် အဆင့်မြင့်နိုင်လွန်ကတ္တရာခင်းရန် လိုအပ်နေတဲ့အပြင် လမ်းရဲ့တစ်ဖက်တစ်ချက် သုံးပေအကျယ် ဂဝံလမ်းပုခုံးခင်းရန် လုပ်ငန်းများလည်း ဆောင်ရွက်ပေးရန် လိုအပ်နေလျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ၅-၁-၂၀၁၃ ရက်နေ့ ပဲခူးခရီးစဉ်မှာ အဝေးပြေးလမ်းတစ်လျှောက်ဖြတ်သန်းသော ရန်ကုန်-ပြည်-မကွေးလမ်းနဲ့ ရန်ကုန်-မန္တလေးလမ်းပေါ်မှာရှိတဲ့ မြို့ကြီးများတွေမှာ မကြာခဏ မတော်တဆမှုတွေဖြစ်နေတဲ့အတွက် မြို့တွင်းလမ်း တစ်မိုင်၊ နှစ်မိုင်ရှိတဲ့ မြို့ရှည်လျားတဲ့ပေါ်မှာမူတည်ပြီးတော့ မြို့တွင်းလမ်းများကို အကျယ် ပေ ၃၀ အထိတိုးချဲ့ခင်းပေးရန် လမ်းညွှန်မှုအပေါ်မှာ BOT ယူထားတဲ့ ကုမ္ပဏီများကနေပြီးတော့ ဆောင်ရွက်ပေးနေတယ်ဆိုပါသော်လည်း ကျွန်တော်တို့ သာယာဝတီမြို့ အပါအဝင်

ရန်ကုန်-ပြည်လမ်းပေါ်မှာရှိတဲ့မြို့များမှာ ဆောင်ရွက်မှုလိုအပ်နေတာကို တွေ့ရှိရပါတယ်။ ယခုလို မေးခွန်းမေးမြန်းရခြင်းမှာလည်း ယခုအခါမှာ ယာဉ်စီးရေတိုးတက်များပြားလာတဲ့အတွက် ယာဉ်သွား လာမှုတွေများပြားလာပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း မြို့နယ်များဟာဆိုလို့ရှိရင် တစ်မြို့နှင့်တစ်မြို့ ၁၀ မိုင်သာကွာဝေးတဲ့အတွက်ကြောင့်မို့လို့ မော်တော် ဆိုင်ကယ်သုံးမှုများပြားတဲ့အတွက်ရယ် နောက်တစ်ခါ ကျွန်တော်တို့ လမ်းပေါ်မှာ ကုန်တင်ယာဉ်ကြီး များဖြစ်တဲ့ ၁၀ ဘီး၊ ၁၂ ဘီးတွဲကားတွေ သွားလာမှုများလာတဲ့အတွက်ကြောင့်မို့လို့ လက်ရှိလမ်းတွေ ဟာဆိုရင် ကျဉ်းမြောင်းတဲ့အတွက် ယာဉ်တိုက်မှုတွေ၊ ဆိုင်ကယ်တိုက်မှုတွေဖြစ်တဲ့ အတွက်ကြောင့် သေဆုံးမှုများကလည်း တိုးတက်များပြားလျက်ရှိနေ၍ ဒီမေးခွန်းကိုမေးမြန်းရခြင်း ဖြစ်ပါတယ်။

သို့ပါ၍ ကျွန်တော်မေးလိုတဲ့မေးခွန်းမှာ ရန်ကုန်-ပြည်လမ်းအား BOT ယူထားတဲ့ ကုမ္ပဏီမှ မေးခွန်း(၁)က လမ်းအကျယ် ၂၄ ပေတိုးချဲ့ဆောင်ရွက်ပေးရန်၊ မေးခွန်း(၂)က အဆင့်မြင့် နိုင်လွန် ကတ္တရာခင်းပေးရန်၊ မေးခွန်း(၃)က မြို့တွင်းဖြတ်သန်းသောမိုင်အရှည်အလိုက် လမ်း အကျယ် ၃၀ ခင်းပေးရန်နှင့် မေးခွန်း(၄) ဝဲ/ယာလမ်းပုခုံး သုံးပေအကျယ် ဂဝံခင်းခြင်းတို့ကို ဆောလျင်စွာ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် အကယ်၍ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် မည်သို့ စီမံ၍ စတင်ဆောင်ရွက်ပေးမည်ကို သိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ ကိုယ်စား မေးမြန်း အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့် အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် မှ မေးမြန်းထားတဲ့ ရန်ကုန်-ပြည်လမ်းအား ၂၄ ပေ တိုးချဲ့ဆောင်ရွက်ပေးရန်၊ အဆင့်မြင့်နိုင်လွန် ကတ္တရာလမ်းခင်းပေးရန်၊ မြို့တွင်းဖြတ်သန်းတဲ့ မိုင်အရှည်အလိုက် လမ်းအကျယ် ၃၀ ပေ ခင်းပေးရန်၊ ဝဲယာလမ်းပုခုံး ၃ ပေအကျယ် ဂဝံခင်းခြင်းတို့အား ဆောလျင်စွာ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်စသည်ဖြင့် မေးမြန်းထားတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်

တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ ရန်ကုန်-ပြည်-မကွေးလမ်းဟာ ၃၀၈ မိုင် ၅ ဖာလုံ ရှည်လျားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ ၎င်းလမ်းကိုတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ မက်စ်မြန်မာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ကို ၂၂-၆-၂၀၁၁ နေ့မှစပြီးတော့ BOT စနစ်နဲ့ ဆောင်ရွက်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ လမ်းအရှည် ၃၀၈ မိုင် ၅ ဖာလုံမှာ ၁၂ ပေအကျယ်လမ်း ကတ္တရာလမ်း ၃၇ မိုင် ၂ ဖာလုံ၊ ၁၈ မှ ၂၂ ပေအကျယ်ကတ္တရာလမ်း ၂၆၈ မိုင် ၁ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၃မိုင် ၂ ဖာလုံ စုစုပေါင်း ၃၀၈ မိုင် ၅ ဖာလုံရှိပါတယ်။ မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီမှ BOT စနစ်နဲ့ ဆောင်ရွက်တဲ့အခါမှာ ၂၂ ပေအကျယ် ကတ္တရာလမ်း ၅၅ မိုင် ၅ ဖာလုံနဲ့ ၁၈ ပေအကျယ် ကတ္တရာလမ်း ၁၂၁ မိုင် ၁ ဖာလုံ စုစုပေါင်း ၁၇၈ မိုင် ၆ ဖာလုံကို ကတ္တရာထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ကုမ္ပဏီအနေနဲ့ လက်ရှိကတ္တရာလမ်းကို ပျက်စီးမှုမရှိစေဖို့အတွက် ထပ်ပိုးလွှာတင်ခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများအား ပထမဦးစားပေး ဆောင်ရွက်လျက်ရှိပြီးတော့ လမ်းချဲ့ခြင်းလုပ်ငန်းများကို ယာဉ်စီးရေအပေါ် မူတည်၍ တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ၅-၁-၂၀၁၃ နေ့ ပဲခူးတိုင်းဒေသကြီးခရီးစဉ်မှာ ပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် မြို့တွင်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့တာ ဖြစ်ပါတယ်။ အဆိုပါလမ်းညွှန်မှာကြားချက်အရ သာယာဝတီခရိုင်အတွင်းမှာရှိတဲ့ ဇီးကုန်းမြို့တွင်းလမ်း ၁ မိုင် ၄ ဖာလုံအား တစ်ဖက်ရှစ်ပေအကျယ် ကွန်ကရစ်လမ်းချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ လမ်းတစ်လျှောက်ကျန်ရှိတဲ့ မြို့တွင်းလမ်းများချဲ့ခြင်းလုပ်ငန်းနဲ့ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အပိုင်းလိုက် အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရန်ကုန်-ပြည်-မကွေးလမ်းရဲ့ မိုင်တိုင် (၂၂/၃) မှ (၈၀) အထိ ၅၇ မိုင် ၅ ဖာလုံအား တစ်ဖက်သုံးပေ အကျယ် ဂဝံလမ်း ပုခုံးခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးဖြစ်၍ ၈၀ မိုင် မှ ၁၀၅ မိုင်အထိ ၂၅ မိုင်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကုန်မှာအပြီး ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ကျန်အပိုင်းများကိုလည်း အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှလည်း BOT စနစ်နဲ့ ဆောင်ရွက်လျက်ရှိတဲ့ မက်စ်မြန်မာဆောက်လုပ်ရေး ကုမ္ပဏီသို့ သတ်မှတ်စံချိန်စံညွှန်များအတိုင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တွန်းအားပေးဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်း အဝေး ယနေ့ပြီးစီးမှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကက နိဂုံးချုပ်အမှာစကား ပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ယနေ့ပြီးဆုံးမှာဖြစ်ပါတယ်။ ဒီကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်၊ ဆန္ဒသဘောထားများကိုရယူ၍ မေးခွန်းတွေ မေးမြန်းခြင်း၊ အဆိုတွေတင်သွင်းခြင်းနှင့် ဥပဒေကြမ်းတွေ ပြုစုကာ လွှတ်တော်သို့ တင်သွင်းခဲ့ကြပြီး ပြည်ထောင်စုအစိုးရ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေနှင့် အခွန်ဆိုင်ရာဥပဒေများကို ပြည်ထောင်စုလွှတ်တော်နှင့်အတူ ပါဝင်၍ ပြဋ္ဌာန်းအတည်ပြုပေးနိုင်ခဲ့ပါတယ်။

ယခု ပထမအကြိမ်နဝမပုံမှန်အစည်းအဝေးတွင် မေးခွန်းပေါင်း ၈၉၈ ခုရှိရာ ကြယ်ပွင့်ပြ ၂၉၃ ခု၊ ကြယ်ပွင့်မပြ ၆၀၅ ခု ဖြစ်ပါတယ်။ နဝမပုံမှန်အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း ၁၉၂ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၃၅၇ ခု ဖြေကြားနိုင်ခဲ့ပါတယ်။ ကြယ်ပွင့်ပြမေးခွန်း ဖြေကြားရာတွင် နဝမပုံမှန်အစည်းအဝေးမှ ၁၅၀ ခုနှင့် အဋ္ဌမပုံမှန်အစည်းအဝေးမှ ကျန်ရှိသော မေးခွန်း ၄၂ ခု ဖြစ်ပါတယ်။ မေးခွန်းများတွင် ရုပ်သိမ်းမေးခွန်း ၅၇ ခုရှိပြီး ဖြေရန်ကျန် ၃၃၄ ခု ရှိပါတယ်။

အဆိုအနေနဲ့ ယခင် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ကျန် ၁ ခု၊ ယခု နဝမပုံမှန်အစည်းအဝေးသို့ ရောက်ရှိအဆို ၁၀ ခု စုစုပေါင်းအဆို ၁၁ ခု ရှိပါတယ်။ ယင်းအဆိုများထဲမှာ အရေးကြီးအဆို တစ်ခု ပါဝင်ပါတယ်။ ယခု နဝမပုံမှန်အစည်းအဝေးကာလအတွင်း တင်သွင်း၊ ဆွေးနွေး၊ မှတ်တမ်းတင်နိုင်ခဲ့သော အဆိုတစ်ခုရှိရာ ယင်းအဆိုသည် ယခု နဝမပုံမှန်အစည်းအဝေးမှာ တင်သွင်းလာတဲ့ အရေးကြီးအဆိုဖြစ်ပါတယ်။ အသင့်ဖြစ်၍ မတင်သွင်းရသေးသော အဆို ကိုးခုနှင့် အသင့်မဖြစ်သေးသော အဆို တစ်ခုကျန်ရှိပါတယ်။ အသင့်မဖြစ်၍ မတင်သွင်းရသေးသော အဆိုဆိုသည်မှာ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများမှ ပြန်လည်ဖြေဆိုရန် အသင့်မရှိသေးကြောင်း ဖော်ပြထားသော မေးခွန်းများ ဖြစ်ပါတယ်။ ထို့ပြင် လွှတ်တော်ကို ပြင်ပမှ လာရောက်လေ့လာသူပေါင်း ပထမပုံမှန်အစည်းအဝေးမှ ယခု နဝမပုံမှန်အစည်းအဝေးအထိ ၂၅၂၉၉ ဦးရှိပြီး၊ နိုင်ငံခြားသား ၆၁၃ ဦး၊ မြန်မာနိုင်ငံသား ၂၄၆၈၆ ဦး ရှိပါတယ်။ ထပ်ပြီး ခွဲခြားဖော်ပြရလျှင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၁၃၃၁၁ ဦး၊

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၄၂၃၂ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၂၀၅ ဦး၊ ချင်းတိုးတက်ရေးပါတီမှ ၁၅ ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ လေး ဦး၊ အခြားအဖွဲ့အစည်းများမှ ၂၃၃၂ ဦး၊ ကျောင်းသူကျောင်းသားများ ၄၃၈၁ ဦးနှင့် ပြည်သူလူထုမှ ၂၀၆ ဦးတို့ဖြစ်ပါတယ်။ ဤကိန်းဂဏန်းများဟာ လွှတ်တော်အပေါ် ပြည်သူမှ မည်မျှအထိစိတ်ဝင်စားသည်ကို ဖော်ပြနေသလို လွှတ်တော်အပေါ် ဝေဖန်ဆန်းစစ်အကြံပြုဖို့ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းအရည်အသွေးတို့ကိုလည်း တစ်နည်းမဟုတ်တစ်နည်းအကဲခတ်သွားကြမှာ ဖြစ်ပါတယ်။

လွှတ်တော်ကို လာရောက်လေ့လာသူအချို့မှ လွှတ်တော်မှာ ခွင့်တိုင်နေခြင်း၊ မေးခွန်းကို အချိန်ယူမေးနေခြင်း၊ ပြန်လည်ဖြေကြားမှုများတွင် မေးခွန်းကို ဖြေဆိုခြင်းမဟုတ်ဘဲ သီအိုရီသဘောနှင့် ဝေ့လည်ကြောင်ပတ်ဖြေဆိုခြင်း၊ တာဝန်ယူတာဝန်ခံပြီး ဖြေဆိုမှုမရှိခြင်းများကို ပြုပြင်သင့်ပါကြောင်း ပြောကြားမှုများ ရှိလာတာတွေ့ရှိရမှာဖြစ်ပါတယ်။

ယနေ့ လွှတ်တော်အတွင်းက ပြဿနာတစ်ခုက မေးခွန်းများမေးထားပြီး လွှတ်တော်အတွင်း မေးခွင့်မရရှိခြင်း ဖြစ်ပါတယ်။ မေးခွင့်ရသူများသာ ကျေနပ်ကြတယ်။ မရကြသူများက မကျေနပ်ကြ။ အချို့ကျတော့ အကြိမ်ကြိမ်မေးခွင့်ရပြီး ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ မမျှမတလုပ်နေတာလား။ ဖြေဆိုရမည့်ဌာနတွေက အချိန်မီမပို့တာလား၊ ဘာကြောင့်ဖြစ်ရတာလဲ၊ ဘယ်လိုပြုပြင်ဆောင်ရွက်ရမလဲဆိုတာ လွှတ်တော်အခွင့်အရေးကော်မတီက စိစစ်ပြီး လာမယ့်လွှတ်တော်အစည်းအဝေးအစမှာ သုံးသပ်အကြံပြုအစီရင်ခံစာနှင့်တင်ပြဖို့ လွှတ်တော်အခွင့်အရေးကော်မတီကို တာဝန်ပေးလိုပါတယ်။ လိုအပ်ပါက လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ရန် လို/မလိုကိုပါ တပါတည်း အကြံပြုတင်ပြစေလိုပါတယ်။

ဒီကာလအတွင်း တင်သွင်းလာတဲ့ ဥပဒေကြမ်းများနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာကော်မတီများနှင့် ကော်မရှင်အဖွဲ့ဝင်များဟာ ကြိုးစားပမ်းစားဆောင်ရွက်ခဲ့ကြလို့ ပြည်သူ့ကိုယ်စားလှယ်များကို လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ယနေ့ပြည်သူ့လွှတ်တော် နဝမအကြိမ်အစည်းအဝေးပြီးဆုံးပြီး လွှတ်တော်ရပ်နားထားသည်ဆိုသော်လည်း အချို့လွှတ်တော်ကော်မတီများတွင် ဆွေးနွေးညှိနှိုင်းခြင်းများ ဆက်လက်ပြုလုပ်နေရဦးမှာပဲ ဖြစ်ပါတယ်။

မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံနှင့် လွှတ်တော်အတွင်း မိမိတို့၏ဆောင်ရွက်ချက်များကို ပြန်လည်ရှင်းလင်းတင်ပြခြင်းနှင့်အတူ ပြည်သူများ၏ အသံ၊ ပြည်သူများ၏ လိုအပ်ချက်များကို

ကြားသိအောင် ပြုလုပ်ကြပြီး မဲဆန္ဒနယ်မြေအတွင်းရှိ ပြည်သူများ၏ အကျိုးသာမက တစ်နိုင်ငံလုံး၏ အကျိုးဖြစ်ထွန်းစေသော မေးခွန်းများ၊ အဆိုများ သယ်ဆောင်လာနိုင်ကြပါစေလို့ ဆန္ဒပြုမျှော်လင့်ထားပါတယ်။ ဒီနေရာမှာ တချို့၊ တချို့သော မေးခွန်းများအပေါ် ပြည်သူတွေက ထောက်ပြဝေဖန်မှုတွေရှိပါတယ်။ ဘာလဲဆိုတာကတော့ မေးခွန်းမေးတဲ့ ပုဂ္ဂိုလ်များ သိရမှာဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့မေးတဲ့ မေးခွန်းဟာ မိမိတစ်ဦးတည်း၊ မိမိလွှတ်တော်နယ်မြေတစ်ခုတည်းမကဘဲနဲ့ ဒေသနဲ့ ပြည်ထောင်စုအတွက်ပါ ထိုက်တန်တဲ့မေးခွန်းများ ဖြစ်ရေးကိုလည်း လိုလားရမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းစေမည့် မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်းများ တင်သွင်းနိုင်ဖို့ အစဉ်အမြဲ စိတ်ကောင်းစေတနာမှန်များဖြင့် ဆောင်ရွက်ရင်း ပါတီစုံဒီမိုကရေစီနှင့်ဈေးကွက်စီးပွားရေးစနစ် အောင်မြင်အောင် ပြည်သူ့ကိုယ်စား ပါဝင်ပေးကြပါ။ လာမယ့်အတာသင်္ကြန်နှင့်နှစ်သစ်ကူးမှာ ပျော်ရွှင်ချမ်းမြေ့ကြပါစေ။ ပြန်လည်ဆုံတွေ့မည့် ဒသမပုံမှန်အစည်းအဝေးမှာ ကျန်းမာရွှင်လန်းစွာဖြင့် အားလုံးကို ပြန်လည်ဆုံတွေ့ကြပါစို့ဟု နှုတ်ခွန်းဆက်သကြောင်းနဲ့ မေလတတိယပတ်အကုန်တွင် ဒသမပုံမှန်အစည်းအဝေး ကျင်းပပြုလုပ်ရန် လျာထားပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေးပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ ရပ်နားပါမယ်။ ယနေ့အစည်းအဝေးပြီးဆုံးကြောင်းနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။